# စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ
# မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ
## ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ (တယ်လီဖုန်းဆွေးနွေးပွဲ) မှတ်တမ်း / ၅

ရက်စွဲ ။ ။ ဧပြီလ(၁၇)ရက်၊စနေနေ့၊၂၀၁၀

**ဆွေးနွေးပွဲတက်ရောက်သူများ**

(၁) Dr-မြင့်ချို ( ဩစတေးလျနိုင်ငံမှ တက်ရောက်ဆွေးနွေးသည်/ Burma Office နှင့် Burma Campaign Australia ၏ အဖွဲ့ဝင်ဖြစ်သည် )
(၂) ကိုအောင်နိုင် ( ဩစတေးလျနိုင်ငံမှ တက်ရောက်ဆွေးနွေးသည် / JACDB – Australia ၏ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး ထိုအင်အားစု၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ဆွေးနွေးသည်)
(၃) ကိုဇော်ကိုနိုင်
(၄) ကိုကိုလေး
(၅) ကိုဇော်ဇော်
(၆) ကိုထွန်းအောင်ကျော်
(၇) ကိုကျော်သန်း( အိန္ဒိယ / ABSL )
(၈) မခင်စန်းနွယ်
(၉) ကိုကျော်စိုး
(၁၀) ကိုလှစိုး ( Buffalo)
(၁၁) ကိုမိုးသီဟ
(၁၂) ဆရာတော်ဦးပညာဇောတ(နတ်ဇော)
(၁၃) ကိုဇော်နေမျိုး
(၁၄) ကိုမင်းနိုင်
(၁၅) ကိုခွန်ထွန်းတောက်
(၁၆) ကိုလှစိုး (Oregon)
(၁၇) ကိုကျော်သူရှိန်
(၁၈) ကိုစိုးမိုး
(၁၉) ကိုရဲထွဋ်
(၂၀) ဦးဗစ်တာဝင်း
(၂၁) ကိုမင်းဦး
(၂၂) ကိုသက်ထွန်း
(၂၃) ကိုစိုင်း
(၂၄) ကိုအောင်ကျော်မြင့်
* ကွန်ပျူတာမှတ်တမ်းအရ ဆွေးနွေးပွဲတက်ရောက်သူ(၃၀)ဦးရှိသည် / (၆)ဦးမှာ ဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားချေ ။

အခမ်းအနားမှူးအဖွဲ့ ။ ။ ကိုကိုလေး ၊ ကိုမင်းနိုင်
မှတ်တမ်း ။ ။ ကိုဇော်ကိုနိုင်

**ဆွေးနွေးသည့်အကြောင်းအရာများ**

(၁) ဤနေ့တယ်လီဖုန်းဆွေးနွေးပွဲတွင် ပထမအကြိမ်အဖြစ် တက်ရောက်လာသော အခြားနိုင်ငံများမှရဲဘော်များနှင့် အမေရိကန်နိုင်ငံမှရဲဘော်များထံမှ အကြံဉာဏ်များတောင်းခံခြင်း ။ မိမိတို့အင်အားစု၏အခြေအနေ(ညီလာခံဖြစ်ပေါ်လာပုံ)များကို မိတ်ဆက်ဆွေးနွေးတင်ပြခြင်း ။
(၂) ညီလာခံဖိတ်ကြားရေး အခြေအနေ ။
(၃) ဘဏ္ဍာရေးဆပ်ကော်မတီမှ တင်ပြချက် ။

(၄) မြန်မာလူမျိုးများကိုစည်းရုံးသလို ဒေသခံနိုင်ငံခြားသား( Non Burmese people)များအား စည်းရုံးလက်တွဲ၍ မြန်မာ့အရေးကိစ္စများကို လက်တွဲလုပ်ကိုင်ရေးကိစ္စ ။
(၅) တယ်လီဖုန်းဆွေးနွေးပွဲကျင်းပချိန် သတ်မှတ်ရေးကိစ္စ (အာရှဥရောပနိုင်ငံများမှ ရဲဘော်များ ဆွေးနွေးပွဲတက်ရောက်နိုင်ရန်) ။
(၆) NLD - မှ ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ပြီးနောက် ၊ ယနေ့ (NLD) အပေါ် သဘောထား ။
- အထွေထွေ

**ဆွေးနွေးဆုံးဖြတ်ချက်များ**

(၁) ဤနေ့တယ်လီဖုန်းဆွေးနွေးပွဲတွင် ပထမအကြိမ်အဖြစ် တက်ရောက်လာသော အခြားနိုင်ငံများမှရဲဘော်များနှင့် အမေရိကန်နိုင်ငံမှရဲဘော်များထံမှ အကြံဉာဏ်များတောင်းခံခြင်း ။ မိမိတို့အင်အားစု၏အခြေအနေ(ညီလာခံဖြစ်ပေါ်လာပုံ)များကို မိတ်ဆက်ဆွေးနွေးတင်ပြခြင်း ။

- ဩစတေးလျနိုင်ငံမှ တက်ရောက်ဆွေးနွေးသည့် Dr-မြင့်ချို ၊ ကိုအောင်နိုင်တို့မှ ဆွေးနွေးတင်ပြသည်မှာ ပြည်ပတွင်ရောက်ရှိနေသည့် ဒီမိုကရေစီအင်အားစုများအားလုံး စုစည်းညီညွတ်စွာ လက်တွဲလုပ်ကိုင်ရန် လိုအပ်နေပြီဖြစ်သည် ။ (Buffalo) ညီလာခံသို့ မတက်ရောက်နိုင်သော်လည်း ရှေ့ဆက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။
- မြန်မာနိုင်ငံသားများအပြင် ကိုယ်ရောက်ရှိနေထိုင်နေသည့် ဒေသခံနိုင်ငံသားများအား စည်းရုံးလုပ်ကိုင်ရန်လည်း လိုအပ်သည်။

- ညီလာခံဖြစ်ပေါ်လာပုံနှင့် မိမိတို့အခြေအနေများကို ကိုဇော်ကိုနိုင်မှ ဆွေးနွေးတင်ပြသည် ။ ဆွေးနွေးတင်ပြချက်များမှာ ... ။

(Utica)ညီလာခံအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ(၃/၄)ရက်နေ့တွင်ကျင်းပခဲ့သည်။ (Utica)ညီလာခံအား ဦးဆောင်ကျင်းပခဲ့သူများမှာ အမေရိကန်နိုင်ငံရှိ (၈၈)မျိုးဆက်ကျောင်းသားများအဖွဲ့(ပြည်ပ)၊ ကျောင်းသားတပ်မတော်ရဲဘော်ဟောင်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှရဲဘော်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှရဲဘော်များ၊ တိုင်းရင်းသားအင်အားစုများမှရဲဘော်များ(ALD-USA/ NDF-US ကိုယ်စားလှယ်နှင့် ALP-ပါတီမှရဲဘော်များ) သံဃာ့ခေါင်းဆောင်များ(ဦးခေမာစာရ၊ ဦးပညာဇောတ၊ဦးဝေါသိတ) စသည့်အင်အားစုများမှ ရဲဘော်များဖြစ်သည်။ ညီလာခံဖြစ်မြောက်ရေးကော်မတီကို အင်အားစုအသီးသီးမှ ရဲဘော်(၄၆)ဦးဖြင့်ဖွဲ့စည်းသည်။ ညီလာခံသို့ အမေရိကန်နိုင်ငံပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်(၈၃)ဦးတက်ရောက်သည်။ (Web Conference)ဖြင့် အခြားနိုင်ငံများမှ ရဲဘော်များတက်ရောက်ဆွေးနွေးနိုင်စေရန် စီစဉ်ခဲ့သည်။ ညီလာခံမှ (Coordinating Committee) ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ စုစုပေါင်း(၅၄)ဦးအား ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် စုဖွဲ့မှု အားအကောင်းဆုံးအင်အားစုတရပ်ဖြစ်ပြီး "စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး မြန်မာ့ဒီမိုကရေစီအင်အားစုများ(အမေရိကန်ပြည်ထောင်စု)"ဟူ၍သတ်မှတ်ခေါ်ဆိုခဲ့သည် ။

မိမိတို့အင်အားစု၏ နိုင်ငံရေးအခြေခံမူ (၃)ချက်မှာ

(၁) ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝဆန့်ကျင်တိုက်ဖျက်ရေး ။
(၂) စစ်အုပ်စုအား ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်ရေး (နည်းလမ်းပေါင်းစုံ) ။
(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး တို့ဖြစ်သည် ။

(Utica) ညီလာခံမှ ချမှတ်လိုက်သော မိမိတို့အင်အားစု၏ နိုင်ငံရေးလုပ်ငန်းစဉ် (၆)ရပ်မှာ

(၁)အမျိုသားကွန်ဂရက်ဖွဲ့စည်းမှုရေးရာ လုပ်ငန်းကော်မတီ
(၂)ဒီမိုကရေစီနှင့်ဖက်ဒရယ်ရေးရာ လုပ်ငန်းကော်မတီ
(၃)ဘဏ္ဍာရေးရာ လုပ်ငန်းကော်မတီ
(၄)ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုရေးရာ လုပ်ငန်းကော်မတီ
(၅)ပြည်ပနိုင်ငံရေးလှုပ်ရှားမှုရေးရာ လုပ်ငန်းကော်မတီ
(၆)နိုင်ငံရေးလှုံ့ဆော်မှုရေးရာ လုပ်ငန်းကော်မတီ တို့ဖြစ်သည် ။

တယ်လီဖုန်းဆွေးနွေးပွဲများစီစဉ်ကျင်းပပြီး လုပ်ငန်းစဉ်(၆)ရပ်အား အကောင်အထည်ဖေါ်ဆောင်နိုင်ရန် ကြိုးစားလုပ်ဆောင်ခဲ့သည်၊ ပြည်ပရှိမြန်မာ့ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို စုစည်းခဲ့သည် ။ လုပ်ငန်းများဖေါ်ဆောင်နိုင်မှု အခြေ

အနေမှာ မြန်မာ့အမျိုးသားကွန်ကရက်(Burma National Congress ) ကြေညာစာတမ်းပြုစုဖြန့်ဝေခြင်း၊ (BNC) ပေါ်ပေါက်ရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းစာဖြန့်ဝေခြင်းနှင့် မိမိတို့အင်အားစုကိုယ်စား ၊ ဂျပန်/ဂျာမဏီညီလာခံများသို့ ကိုယ်စားလှယ်စေလွှတ်၍ ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့သည် ။ (BNC)ပေါ်ပေါက်ရေးဆိုင်ရာ (Lobby team)ကိုလည်း အဖွဲ့ဝင်(၁၈)ဦးဖြင့် စုဖွဲ့နိုင်ခဲ့သည် ။

တောင်အာဖရိကကွန်ကရက်(ANC)ကဲ့သို့ တမျိုးသားလုံးလက္ခဏာဆောင်သည့် စုဖွဲ့မှုမျိုးပေါ်ပေါက်လာရန် ကြိုးစားလုပ်ဆောင်နေသည် ။ ကျယ်ပြန့်သောတပ်ပေါင်းစုကြီးဖွဲ့စည်းနိုင်ရန် အချိန်နှင့်စည်းရုံးနိုင်မှုများ လိုအပ်နေသည့်အတွက် (Utica)ညီလာခံမှချမှတ်ခဲ့သော နိုင်ငံရေးလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်နိုင်ရန် / ပြင်ဆင်ဖြည့်စွက်နိုင်ရန်နှင့် အမျိုးသားရေးလက္ခဏာဆောင်သည့် အင်အားစုတရပ် ပေါ်ပေါက်နိုင်ရေးအတွက်ရည်ရွယ်၍ ညီလာခံတရပ်ကျင်းပရန် ဆွေးနွေးခဲ့ကြသည် ။

ညီလာခံအား အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်အထက်ပိုင်း (Buffalo)မြို့တွင်ကျင်းပရန် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ထိုညီလာခံအား ၂၀၁၀ ခုနှစ်မေလ(၂၂/၂၃)တွင် ကျင်းပရန်ဆုံးဖြတ်ခဲ့သည် ။ ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲများကိုလည်း မတ်လ (၂၀)ရက်နေ့တွင် စတင်စီစဉ်ကျင်းပရန် ဆွေးနွေးခဲ့ကြသည် ။ ဤဆုံးဖြတ်ချက်များနှင့်အညီ ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲများ(တယ်လီဖုန်းဆွေးနွေးပွဲ)ကို စီစဉ်ကျင်းပနေခြင်းဖြစ်သည် ။ နိုင်ငံတကာမှ ဒီမိုကရေစီအင်အားစုများကို ဖိတ်ခေါ်၍ ဆွေးနွေးညှိနှိုင်း တိုင်ပင်နေခြင်းပင်ဖြစ်သည် ။

(Buffalo) ညီလာခံကျင်းပနိုင်ရေးအတွက် ညီလာခံဖြစ်မြောက်ရေးကော်မတီနှင့် ညီလာခံကျင်းပရေးကော်မတီကို ဖွဲ့စည်းသည် ။ ထို့အပြင် ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီ ၊ ပြန်ကြားရေးဆပ်ကော်မတီ ၊ ဘဏ္ဍာရေးဆပ်ကော်မတီ စသည့်ကော်မတီများနှင့် ညီလာခံနှင့်ပတ်သက်သည့် လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းပြီးဖြစ်သည် ။

- ညီလာခံအား အောက်ပါရည်ရွယ်ချက်များ(မူကြမ်း)ဖြင့် ကျင်းပခြင်းဖြစ်သည် ။

(၁) ၂၀၀၈ ဖွဲ့စည်းပုံဥပဒေအား အခြေခံကျင်းပသည့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်တိုက်ဖျက်ရေးတွင် ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုများအားလုံး တစုတစည်းတည်း စုစည်း၍ တော်လှန်သည့် ဘုံနိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ။

(၂) စစ်အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဖျက်သိမ်းနိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများ ၊ တိုင်းရင်းသားအင်အားစုများအားလုံး စုစည်းတွေ့ဆုံညှိနှိုင်း၍ ထိရောက်သည့် လုပ်ငန်းစဉ် မူပေါ်လစီများ၊ တညီတညွတ်တည်းလိုက်ပါဆောင်ရွက်နိုင်သည့်နည်းလမ်းများ ချမှတ်ဖေါ်ဆောင်နိုင်ရန် ။

(၃) အမျိုးသားတန်းတူရေး ၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖေါ်ဆောင်ရွက်ရန်။

(၄) ခိုင်မာကျစ်လစ်သည့် အမျိုးသားရေးလက္ခဏာဆောင်သော စုဖွဲ့မှုမျိုးပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းပြင်ဆင်ရန် ။

(၅) ၂၀၀၉ ခုနှစ် ဇူလိုင်(၃/၄) ရက်နေ့တွင် ကျင်းပခဲ့သည့် " စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး မြန်မာ့ဒီမိုကရေစီအင်အားစုများ မဟာဗျူဟာညီလာခံ"မှ ချမှတ်ထားသော နိုင်ငံရေးလုပ်ငန်းစဉ်(၆)ရပ်အား ဆက်လက်အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန် ၊ ပြင်ဆင်ဖြည့်စွက်နိုင်ရန် ။ ထိုနိုင်ငံရေးလုပ်ငန်းစဉ်များအား တိုးမြှင့်လုပ်ဆောင်နိုင်ရန် ။

(၆) ရည်မှန်းချက်များ ထမြောက်အောင်မြင်နိုင်ရေးနှင့် နိုင်ငံရေးလမ်းစဉ် မူပေါ်လစီများအား မှန်ကန်စွာဦးဆောင်နိုင်သည့် နိုင်ငံရေးအရ စွမ်းဆောင်မှုရှိသည့် ခေါင်းဆောင်များ၊ စုဖွဲ့မှုအင်အားစုများ ပေါ်ပေါက်လာစေရန် .....စသည့် ရည်ရွယ်/ဦးတည်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ ညီလာခံအား မေလ ( ၂၂/ ၂၃)ရက်တွင် နယူးယောက်ပြည်နယ်အထက်ပိုင်း ( Bufflo)မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်သည် ။

ထိုရည်ရွယ်ချက်များဖြင့် ပြုလုပ်ကျင်းပမည်ဖြစ်သော မိမိတို့၏ " စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ"သို့ တက်ရောက်ပါရန် နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများကို ဖိတ်ခေါ်နေသည် ။

(၂) ညီလာခံဖိတ်ကြားရေး အခြေအနေ ။

- ညီလာခံသို့တက်ရောက်ပါရန် ဖိတ်ကြားထားသော အင်အားစုများမှာ ထိုင်းမြန်မာနယ်စပ်ရှိ နိုင်ငံရေးအင်အားစုများ၊ အာရှ ၊ဥရောပမှ အင်အားစုများ၊ အမေရိကန်ရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများထံသို့ ဖိတ်စာများပေးပို့ဖြန့်ဝေပြီးဖြစ်သည် ။ ထပ်မံဖြန့်ဝေရန်နှင့် ဖုန်းဖြင့်ဆွေးနွေးဖိတ်ခေါ်ရန်လည်း လိုအပ်သည် ။

- ဖိတ်စာဖြန့်ဝေခြင်းကိစ္စကို ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီမှ တာဝန်ခံ၍ လုပ်ရမည်ဖြစ်သည် ။ ထိုကိစ္စနှင့်ပတ်သက်၍ ညီလာခံဖိတ်ကြားရေးဆပ်ကော်တီဝင်များ၏ သီးသန့်ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည် ။

- ဖိတ်စာအား အင်္ဂလိပ်ဘာသာဖြင့်ရေးသားရန် ကိုထွန်းအောင်ကျော်မှ တာဝန်ယူမည်ဖြစ်သည် ။ ( ရေးသားဖြန့်ဝေပြီးဖြစ်သည်/ မှတ်တမ်းတင်သူ )

<u>(၃) ဘဏ္ဍာရေးဆပ်ကော်မတီမှ တင်ပြချက်</u>

- ရန်ပုံငွေအား ဧပြီလ(၂၀)ရက်နေ့နောက်ဆုံးထား၍ ဖြန့်ဝေပြီးဖြစ်သော လိပ်စာအတိုင်းပေးပို့စေချင်ပါသည် ။ ညီလာခံအတွက် ခန့်မှန်းကုန်ကျငွေမှာ ဒေါ်လာ(၄၀၀၀ / ၅၀၀၀) ခန့်ဖြစ်သည် ။

- ရန်ပုံငွေအတွက် အမာခံရဲဘော်များ ( ၃/၄/၅ )ဦးခန့် စည်းရုံးထားရန်လိုအပ်သည် ။ စုစည်းထားသင့်သည် ။

- (Utica) ညီလာခံတွင် ကျန်ငွေအနည်းငယ်ရှိနေသည် ထိုငွေကိုဆက်လက်သုံးသင့်သည် ။ ထိုကိစ္စအတွက် ယခင် (Utica) ညီလာခံ၏ ဘဏ္ဍာရေးကော်မတီသို့ ဆက်သွယ်မေးမြန်းရန်ဖြစ်သည် ။

- ဘဏ္ဍာရေးဆပ်ကော်မတီမှ ရန်ပုံငွေကောက်ခံခြင်းကို ထပ်ကာတလဲလဲကောက်ခံနေရန် လိုအပ်သည် ။

<u>(၄) မြန်မာလူမျိုးများကိုစည်းရုံးသလို ဒေသခံနိုင်ငံခြားသား( Non Burmese people)များအား စည်းရုံးလက်တွဲ၍ မြန်မာ့အရေးကိစ္စများကို လက်တွဲလုပ်ကိုင်ရေးကိစ္စ ။</u>

- ဒေသခံနိုင်ငံခြားသား(Non Burmese) များကိုလည်း (Buffalo) ညီလာခံသို့တက်ရောက်ရန် ဖိတ်ခေါ်သင့်သည် ။ ၎င်းတို့ပါဝင်သောစုစည်းမှုကို စီစဉ်ထားသင့်သည် ။ စည်းရုံးရန်ဖြစ်သည် ။

- မြန်မာ့အရေးအား စိတ်ဝင်စားသော နိုင်ငံခြားသားများကိုလည်း ညီလာခံတွင်ပါဝင်လာရန် ဖိတ်ခေါ်မည်ဖြစ်သည် ။ ထိုကိစ္စအတွက် ဆွေးနွေးရှင်းလင်းပြရန် နိုင်ငံခြားသားများအား သီးသန့်ဖိတ်ခေါ်သည့် တယ်လီဖုန်းဆွေးနွေးပွဲတခု စီစဉ်သင့်သည် ။

- ယခင်က (FBC) အောင်မြင်ခဲ့သည်မှာ အမေရိကန်နိုင်ငံသားများကို စည်းရုံးနိုင်ခဲ့၍ဖြစ်သည် ။ ၎င်းတို့၏ အင်အားကို စုစည်းလုပ်ကိုင်ရန် လိုအပ်သည် ။

- ညီလာခံကျင်းပမည့် (Buffalo) မြို့ဒေသခံ အမေရိကန်လူမျိုးအချို့အား ညီလာခံကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးစည်းရုံးထားသည်များရှိသည် ။

- မြန်မာပြည်နှင့်ပတ်သက်သည့် သမိုင်းကြောင်းအကျဉ်းကို အင်္ဂလိပ်လိုရေးသား၍ ဖြန့်ဝေသင့်သည် ။ ညီလာခံကျင်းပခြင်း အကြောင်းကိုလည်း အင်္ဂလိပ်လိုရေးသား၍ ဖြန့်ဝေစည်းရုံးသင့်သည် ။

- ထိုကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆွေးနွေးဆုံးဖြတ်သည်။

* နိုင်ငံခြားသားများအား စည်းရုံးရန်အတွက် ၎င်းတို့အားဖိတ်ခေါ်၍ တယ်လီဖုန်းဆွေးနွေးပွဲတရပ် ပြုလုပ်ရန်ဆွေးနွေးဆုံးဖြတ်သည်။
* ထိုကိစ္စကို ဦးဆောင်လုပ်ကိုင်ရန် အောက်ပါရဲဘော်များကို ရွေးချယ်တာဝန်ပေးအပ်သည် ..။

(၁) ကိုကိုလေး
(၂) ကိုထွန်းအောင်ကျော်
(၃) ကိုမင်းနိုင်
(၄) ကိုရဲထွဋ်
(၅) ဦးဗစ်တာဝင်း တို့ဖြစ်သည် ။

* နိုင်ငံခြားသားများအား ညီလာခံဖိတ်ခေါ်နိုင်ရေးအတွက် ညီလာခံဖြစ်ပေါ်လာပုံအကြောင်း အင်္ဂလိပ်လိုရေးသားရန် ဆွေးနွေးဆုံးဖြတ်သည် ။
* ဘာသာပြန်အလုပ်အဖွဲ့အား အောက်ပါရဲဘော်များကို ရွေးချယ်တာဝန်ပေးအပ်သည် ။

(၁) ကိုကိုလေး
(၂) ကိုထွန်းအောင်ကျော်
(၃) ကိုရဲထွဋ် (ဂျပန်ဘာသာပြန်) တို့ဖြစ်ပြီး အခြားဘာသာပြန်နိုင်သည့် ရဲဘော်များကိုလည်း ဖိတ်ခေါ်ကမ်းလှမ်း၍ ဘာသာပြန်အလုပ်အဖွဲ့အား တိုးချဲ့သွားမည်ဖြစ်သည် ။

<u>(၅) တယ်လီဖုန်းဆွေးနွေးပွဲကျင်းပချိန် သတ်မှတ်ရေးကိစ္စ (အာရှ ၊ ဥရောပနိုင်ငံများမှရဲဘော်များ ဆွေးနွေးပွဲတက်ရောက်နိုင်ရန်) ။</u>

- မိမိတို့ကျင်းပနေကြ အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်စံတော်ချိန်ကို ပြန်လည်သုံးသပ်သင့်သည် ။ အာရှ နှင့် ဥရောပ နိုင်ငံများမှ ရဲဘော်များတက်ရောက်နိုင်စေရန် အချိန်ကို ပြောင်းလဲသင့်သည် ။

- ဥရောပနှင့်အာရှနိုင်ငံများဘက်မှ ရဲဘော်တဦး/နှစ်ဦးခန့် တက်ရောက်နေသည့် အခြေအနေကိုကြည့်၍ အမေရိကန်နိုင်ငံဘက်မှ အများစုတက်ရောက်နေသည့် တယ်လီဖုန်းဆွေးနွေးပွဲကျင်းပချိန်အား မပြောင်းလဲသင့်ချေ ။

- အာရှ ၊ ဥရောပဘက်မှ ဆွေးနွေးပွဲတက်သည့် ရဲဘော်ဦးရေနည်းနေသည်မှာ ဆွေးနွေးပွဲကျင်းပချိန်ကြောင့်ဖြစ်နေသည်ဟု ထင်မြင်၍ အချိန်ကိုပြန်လည်ပြင်ဆင်သတ်မှတ်ရန် ဆွေးနွေးတင်ပြခြင်းဖြစ်သည် ။

- (Email) တခုတည်းဖြင့် ဆက်သွယ်နေ၍မရချေ ဖုန်းဖြင့်ဆွေးနွေးရန် လိုအပ်သည် ။

* ညီလာခံနှင့်ပတ်သက်ပြီး ဥရောပ/အာရှ ရှိ ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးနိုင်စေရန် သီးသန့်တယ်လီဖုန်းဆွေးနွေးပွဲ တရပ်ကျင်းပရန် ဆွေးနွေးဆုံးဖြတ်သည် ။

* ထိုကိစ္စအတွက် ဦးဆောင်လုပ်ကိုင်ရန် အောက်ပါရဲဘော်များကို ရွေးချယ်တာဝန်ပေးသည် ။

(၁) ဦးဇစ်တာဝင်း

(၂) ကိုမိုးသီဟ

(၃) မခင်စန်းနွယ်

(၄) ကိုဇော်နေမျိုး တို့ဖြစ်သည် ။

(၆) NLD - မှ ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ပြီးနောက် ၊ ယနေ့ (NLD) အပေါ် မိမိတို့၏သဘောထား ။

- NLD အပေါ် ပြစ်တင်ဝေဖန်မှုများဖြစ်သည့် " NLD သည် ပါတီရှင်သန်ရေးကိုသာ ဦးစားပေးသောပါတီဖြစ်သည်၊ စစ်အစိုးရ၏ အငြိုအငြင်ကိုမခံရဲတဲ့ပါတီ၊ စစ်အုပ်စုနှင့်ထိပ်တိုက် ရင်မဆိုင်ရဲတဲ့ပါတီ၊ ပြည်သူလူထုအား နိုင်ငံရေးအရ မဦးဆောင်နိုင်တဲ့ပါတီ၊ NLD ခေါင်းဆောင်များမှာလည်း တိုက်ပွဲကိုရှောင်သူများ " ဟူ၍ ဝေဖန်မှုများရှိနေခဲ့သည် ၊ ရှိနေဆဲဖြစ်သည် ။

- ထိုအခြေအနေများတွင် (NLD)မှ နအဖစစ်အုပ်စု၏ (၂၀၁၀)ရွေးကောက်ပွဲအား ဆန့်ကျင်ကြောင်း/ ပါတီအားပြန်လည်မှတ်ပုံတင်မည်မဟုတ်ကြောင်းကြေညာခဲ့ခြင်း ၊ ပါတီတွင်းပြန်လည်စုစည်း ဖွဲ့စည်းမှုများရှိခဲ့ခြင်းကြောင့် ယနေ့(NLD)ပါတီအပေါ် သဘောထားအား ဆွေးနွေးလိုခြင်းဖြစ်သည် ။

- NLD သည် ဒီမိုကရေစီရေး၏ တပ်ဦးဖြစ်သည် ။ ထို့ကြောင့်ဝန်းရံရန်လိုအပ်သည် ။ (NLD) ပါတီ၏ (၂၀၁၀)ရွေးကောက်ပွဲအား ဆန့်ကျင်ခြင်းကို ထောက်ခံသည် ။ (NLD)၏ ပြောင်းလဲလာသော လုပ်ငန်းစဉ်များကို ကြိုဆိုရမည်ဖြစ်ပြီး အင်းအားစုများမှ ဝန်းရံရန်ဖြစ်သည် ။

- (NLD)ပါတီမှ စစ်အုပ်စု၏ (၂၀၁၀)ရွေးကောက်ပွဲအား ကန့်ကွက်သူမရှိဆုံးဖြတ်နိုင်ခဲ့သည်မှာ ဒီမိုကရေစီကျင့်စဉ်၏ အောင်မြင်မှုတရပ်အဖြစ် ရှုမြင်သုံးသပ်သည် ။ ထိုဆုံးဖြတ်ချက်များအပေါ် နိုင်ငံတကာနှင့် ဒီမိုကရေစီအင်အားစုများမှ ထောက်ခံမှုများရရှိခဲ့သည်ကိုတွေ့ရသည် ။

- (NLD)မှ ဥပဒေကြောင်းအရ တိုက်ပွဲဝင်သွားမည်ဟု ကြားသိရသည် ။

- မိမိတို့အင်အားစုများမှ (NLD)ပါတီအား ဝိုင်းဝန်းအကြံပြုချက်များကို တင်ပြသင့်သည် ။

- ဆောင်ဆန်းလမ်းစဉ်အတိုင်း (NLD) ချီတက်သင့်သည် ။ အောင်ဆန်းလမ်းစဉ်မှာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ပွဲဝင်ခြင်းဟု ဆိုလိုသည် ။

- (NLD)မှ စစ်အုပ်စုအား ပြတ်ပြတ်သားသားတိုက်ပွဲဝင်လျှင် မိမိတို့အနေဖြင့် (NLD)နောက်မှ လိုက်မည်ဖြစ်ပြီး ဦးဆောင်မှုကိုခံယူသင့်သည် ၊ ပြတ်သားစွာတိုက်ပွဲဝင်မှုမရှိလျှင် (NLD)နောက်မှ မလိုက်သင့်ချေ ၊ နိုင်ငံရေးအရ ဦးဆောင်မှုကိုလည်း မခံယူသင့်ချေ ။

-(NLD)မှ (CRPP)နှင့်လက်တွဲလုပ်နေသည့်အတွက် အစိုးရဖွဲ့စည်းပိုင်ခွင့်ရှိသည် ။ ပြည်သူမှ (NLD) အားလုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်သည် ။ (NLD)အနေဖြင့် ရှေ့ဆက်ဘယ်လိုရပ်တည်မလဲဆိုသည်ကိုစောင့်ကြည့်ရမည် ။

- (NLD) ပါတီနတ်ဆက်ပွဲရှိသည် ။ စောင့်ကြည့်စေချင်သည် ။

- ပါတီအနေဖြင့် (၉၀)ရွေးကောက်ပွဲရလာဒ်ကို ဆက်လက်ကိုင်စွဲနေပြီး (CRPP) နှင့် လက်တွဲနေသရွေ့တိုက်ပွဲရှိနေမည်ဟု ထင်မြင်ယူဆသည် ။ (၉၀)ရွေးကောက်ပွဲရလာဒ်အား လက်တွေ့အကောင်အထည်ဖေါ်ရန်မှတပါး အခြားနည်းလမ်းမရှိဟု ထင်မြင်ယူဆသည် ။ ပြတ်ပြတ်သားသားချမှတ်ပြီး ဦးဆောင်နိုင်မှုရှိမှ အောင်မြင်နိုင်မည်ဟု သုံးသပ်သည် ။

- (NLD)၏ ရပ်တည်ချက်နှင့် နိုင်ငံရေးလှုပ်ရှားနေမှုသည် နအဖ ကို ပြတ်သားစွာ ဆန့်ကျင်နေသည့် အခြေအနေသို့ရောက်နေသော်လည်း ပြတ်သားစွာတိုက်ပွဲဆင်နေသည့် အခြေအနေသို့ မရောက်သေးဟု ထင်မြင်ယူဆသည် ။

- (NLD) သည် လူထုကိုဦးတည်သည့် နိုင်ငံရေးလုပ်ငန်း(အကြမ်းမဖက်သည့်လုပ်ငန်း) ကိုသာ လုပ်မည်ဟု ကြေညာထားပြီးဖြစ်သည် ။

- (NLD) အပေါ်သဘောထားများ ဆွေးနွေးသော်လည်း ။ မိမိတို့အင်အားစု၏ ချမှတ်ထားသော နိုင်ငံရေးလုပ်ငန်းစဉ်များအတိုင်းကိုင်ဆွဲ၍ အင်အားစုများ၊ ရဲဘော်များကို စုစည်းရမည်ဖြစ်သည် ။ (NLD) တဖွဲ့တည်းကို ရည်ရွယ်ဆွေးနွေးတာမျိုးမဖြစ်သင့်ချေ ။ စစ်အုပ်စုအား ဘယ်လိုတိုက်ပွဲဝင်ကြမလဲဆိုသည့် ဆွေးနွေးချက်များကို ဆွေးနွေးသင့်သည် ။ ပြည်ပအင်အားစုများမှ နအဖစစ်အုပ်စုကို နည်းပေါင်းစုံဖြင့် တိုက်ပွဲဆင်နိုင်ရန် ပြင်ဆင်ထားသင့်သည် ။

- ပြည်တွင်းအင်အားစုများ အထူးသဖြင့် (NLD) မလုပ်နိုင်သော လုပ်ငန်းများကို ပြည်ပအင်အားစုများက ဝိုင်းဝန်းလုပ်ကိုင်ရန် လိုအပ်သည် ။ ပြည်တွင်း/ပ (အတွင်း-အပြင်) ဟန်ချက်ညီညီ တိုက်ပွဲဆင်နိုင်ရေးအတွက် ပြင်ဆင်ထားရန်ဖြစ်သည် ။

* ပြည်တွင်း၌လူထုက အုံကြွတော်လှန်လျှင် ၊ (စင်ပြိုင်အစိုးရဖွဲ့စည်းလျှင်) ပြည်ပအင်အားစုများက ဘယ်လိုထောက်ပံ့ကြမလဲ၊ ဘယ်လိုဝိုင်းရံကြမလဲ၊ ဘယ်လိုရန်ပုံငွေများ ရှာဖွေထောက်ပံ့မလဲဆိုသည်ကို (Buffalo) ညီလာခံတွင် ဆွေးနွေးချမှတ်ရန်လိုအပ်သည် ၊ ချမှတ်ရမည် ။ ထို့အတွက် ညီလာခံကို ကျင်းပခြင်းဖြစ်သည် ။

- ပြည်ပအင်အားစုများမှ ရေရှည်အမြင်ဖြင့် လုပ်ငန်းစဉ်များချမှတ်လုပ်ကိုင်သွားရမည် ။ အင်အားစုများကို တိုးချဲ့စုစည်းရမည် ။ ကျဲကျဲစွာ လုပ်ကိုင်နေကြသည်ကို စုစည်းပြီး အတူတကွပူးပေါင်းလုပ်ကိုင်ရန် လိုအပ်သည် ။ အပြည်ပြည်ဆိုင်ရာ စုစည်းမှုဖြစ်ရန် ကြိုးစားတည်ဆောက်ရမည် ။

- တိုင်းရင်းသားအင်အားစုများနှင့် လက်တွဲ၍ လုပ်ကိုင်ရမည် ။

- စီမံကိန်းများချမှတ်၍ လုပ်ကိုင်ရန်လိုသည် ။

- (NLD)အား တိုက်တိုက်တွန်းတွန်းလုပ်ရန် ဆော်ဩသည့်လုပ်ငန်းကို လတ်တလောလုပ်ရန် လိုအပ်သည်ဟု ယူဆသည် ။

- လူထုတိုက်ပွဲကို ရည်ရွယ်လုပ်ကိုင်နေသည်ဟု ထင်မြင်သည် ။ အကယ်၍ (NLD) မှ စစ်အုပ်စုအား ပြတ်သားစွာ တိုက်ပွဲဝင်လျှင် ပြည်ပရှိ အင်အားစုများက ဘယ်လိုလုပ်ကိုင်သင့်သလဲဆိုသည်ကို ဆွေးနွေးချမှတ်ထားရန် လိုအပ်သည် ။

- (NLD)နှင့် အင်အားစုတစုမှ ဦးဆောင်၍ တိုက်ပွဲဖော်ထုတ်သင့်သည် ။

- (NLD)အနေဖြင့် နအဖအား တနည်းနည်းဖြင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဆင်ရလိမ့်မည်ဟု သုံးသပ်သည် ။

- ဦးဝင်းတင်နှင့် ဦးတင်ဦးတို့၏ ဦးဆောင်မှုနောက်တွင် ပါတီဝင်များ လိုက်ပါတိုက်ပွဲဆင်လိမ့်မည်မှာသေချာသည် ။

* ပြည်ပအင်အားစုများက ဘာတွေကို ပြင်ဆင်ထားသင့်သနည်း ..။

- ရန်ပုံငွေရှာဖွေခြင်း ။ အင်အားကိုစုစည်းခြင်း ။ နိုင်ငံတကာအစိုးရများမှ စစ်အုပ်စုအပေါ် ဝိုင်းဝန်းဖိအားပေးလာစေရန် တိုက်တွန်းခြင်း ။ ဒေသခံနိုင်ငံခြားသားများကိုစည်းရုံးခြင်း စသည်များကို ပြင်ဆင်ပြုလုပ်ထားရန်လိုအပ်သည် ။

- ထို့အတွက် မိမိတို့ရဲဘော်အချင်းချင်း အင်အားစုအချင်းချင်း သဘောထားများကွဲလွဲနေသည်များကို ဖယ်ထား၍ (Buffalo) ညီလာခံအား အားလုံးဝိုင်းဝန်းလုပ်ကိုင်ကြရန် လိုအပ်သည် ။

- ပြည်တွင်းမှရွေးကောက်ပွဲဝင်မည့် အင်အားစုများကိုလည်းဆက်သွယ်ပြီး ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးတွင် စစ်အုပ်စု၏ ကလိမ်ကကျစ်ကျမှုများကို ၎င်းတို့မှပြည်သူသို့ ဖော်ပြပေးရန် အကြံပြုသင့်သည် ။

- လူထုတိုက်ပွဲဖြင့်သာ စစ်အုပ်စုကို ဖြုတ်ချနိုင်မည် ထို့အတွက် လူထုတိုက်ပွဲဖော်ဆောင်နိုင်ရန် ပြင်ဆင်လုပ်ကိုင်သင့်သည် ။

- (၂၀၁၀)ရွေးကောက်ပွဲအား ပျက်အောင် ဖျက်ဆီးရမည် ။

* ခိုင်မာသော စုစည်းထားသည့်အင်အားစု၊ ခိုင်မာမှန်ကန်သည့် မူ၊ ပေါ်လစီနှင့်လုပ်ငန်းစဉ်များကို ရေရှည်အစီအစဉ်များချမှတ်၍ လုပ်ကိုင်သွားရန် ညီလာခံတွင် ဆွေးနွေးချမှတ်နိုင်ဖို့ လိုအပ်သည် ။ ထိုသို့ချမှတ်နိုင်ရမည် ။

<u>- အထွေထွေ</u>

- ညီလာခံဖိတ်ကြားရေးနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြသည် ။

---